Internal Revenue Department

# အခွန်ထမ်းတစ်ဦးချင်း၏ အခွင့်အရေးနှင့် တာဝန်များ

## အချက်အလက်များ တောင်းဆိုပိုင်ခွင့်

အခွန်ထမ်းများသည် အခွန်ဥပဒေများနှင့် အညီ လိုက်နာနိုင်ရန် လိုအပ်သော အချက်အလက်များကို သိရှိနိုင်ခွင့်၊ သက်ဆိုင်ရာအခွန်ပုံစံများ၊ ညွှန်ကြားချက်များ၊ ထုတ်ပြန်ချက်များ၊ အမိန့်ကြော်ငြာစာများ၊ သက်ဆိုင်ရာ အကြောင်းကြားစာများကို ရှင်းလင်းစွာ သိရှိနိုင်ခွင့်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ၊ ရလဒ်များအပေါ် ရှင်းလင်းချက်များ တောင်းဆိုပိုင်ခွင့်နှင့် ရရှိပိုင်ခွင့် ရှိပါသည်။

## အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုရရှိပိုင်ခွင့်

မိမိတို့အနေဖြင့် လုပ်ငန်းသဘာဝအရ ဆက်သွယ်ဆောင်ရွက်နေရသော အခွန်ထမ်းများ အားလုံးကို လေးစားမှုနှင့် ယဉ်ကျေးမှုတို့ကို ရှေ့ထားပြီး မျှမျှတတ၊ သမာသမတ်ကျကျ ဆက်ဆံပါမည်။ မိမိတို့ အနေဖြင့် အချိန်တိုင်းတွင် ရိုးသားဖြောင့်မတ်ခြင်း၊ အရည်အသွေး ပြည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊ ယုံကြည်ကိုးစားနိုင်ခြင်းနှင့် တာဝန်ယူမှု အပြည့်ရှိခြင်းဟူသည့် အရည်အသွေးများဖြင့် လုပ်ငန်းများကို ဆောင်ရွက်ပါမည်။ အခွန်ထမ်းများအတွက် မိမိတို့ ပေးအပ်သည့် ဝန်ဆောင်မှုများသည် ကြိုတင်ပြင်ဆင်မှုရှိသော၊ အချိန်နှင့်တစ်ပြေးညီဖြစ်သော၊ မှန်ကန်သော၊ နွေးထွေးပျူငှာသော၊ ရှေ့နောက် ညီညွတ်မှုရှိသော ၊ လွယ်ကူအဆင်ပြေသောဝန်ဆောင်မှုများ ဖြစ်ရပါမည်။

## အခွန်ထမ်းတစ်ဦးအနေဖြင့် သင်၏အခွင့်အရေး

အခွန်ထမ်းတစ်ဦးအနေဖြင့် သင်သည် မိမိတို့ထံမှ အောက်ပါအချက်များကို မျှော်မှန်းပိုင်ခွင့် ရှိပါသည်-

- ❖ သင့်အား မျှမျှတတ၊ ချင့်ချင့်ချိန်ချိန်၊ ယဉ်ယဉ်ကျေးကျေး ဆက်ဆံရန်၊
- ❖ သင့်အား ရိုးသားသည်ဟု မှတ်ယူဆက်ဆံရန်၊
- ❖ ကျွန်ုပ်တို့ လုပ်ဆောင်သမျှအတွက်တာဝန်ခံရန်၊
- ❖ သင့်အားအကူအညီပေးရန်နှင့် အသိပညာပေးရန်၊
- ❖ သတင်းအချက်အလက်များကို ဥပဒေနှင့်အညီ ထုတ်ဖော်ခြင်းမှအပ လျှို့ဝှက်ထိန်းသိမ်းထားရန်၊
- ❖ ကြားနာခံပိုင်ခွင့်ပြုရန်၊
- ❖ သင်၏ကိုယ်စားလှယ်ထားပိုင်ခွင့်ကို လက်ခံရန်၊
- ❖ သင့်အား အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန်၊
- ❖ အခွန်ပေးဆောင်ရမည့် သတ်မှတ်ရက်အား တိုးမြှင့်ပေးရန်၊
- ❖ အခွန်ကြေညာလွှာ တင်သွင်းရမည့် သတ်မှတ်ရက်အား တိုးမြှင့်ပေးရန်၊
- ❖ ပေးဆောင်ရန်တာဝန်ရှိသည့် အခွန်ပမာဏထက် ပိုမို ပေးဆောင်ခဲ့ပါက ပြန်အမ်းငွေ တောင်းခံပိုင်ခွင့်နှင့် ပြန်အမ်းငွေထုတ်ပေးမှု ကြန့်ကြာပါက အတိုးပြန်လည်ရရှိပိုင်ခွင့်ပေးရန်။

## အခွန်ထမ်းတစ်ဦးအနေဖြင့် သင်၏တာဝန်များ

သင့်အနေဖြင့် အခွန်တာဝန်များကို မှန်ကန်စွာနှင့် သစ္စာရှိစွာထမ်းရွက်လျက်ရှိသည်ဟု အခွန်ဌာနက ယုံကြည်ထားပါသည်။ သင့်အနေဖြင့်အောက်ပါတို့ကို ဆန္ဒအလျောက် ဆောင်ရွက်လိမ့်မည်ဟု ယုံကြည်ထားပါသည်-

- ❖ အခွန်ထမ်းအဖြစ် မှတ်ပုံတင်မည်၊
- ❖ သတင်းအချက်အလက် အပြောင်းအလဲများကို သတ်မှတ်ရက်အတွင်း အကြောင်းကြားမည်၊
- ❖ အခွန်ဥပဒေများကို လိုက်နာဆောင်ရွက်မည်၊
- ❖ မှန်ကန်ပြည့်စုံသော ကြေညာလွှာများကိုအချိန်မီ တင်သွင်းမည်၊
- ❖ ထိုက်သင့်သောအခွန်ပမာဏကို ပေးဆောင်မည်၊
- ❖ သင်၏ လုပ်ငန်းဆောင်ရွက်ချက်များ အားလုံးကို မှတ်သားထားသည့် စာတမ်းအမှတ်အသားများ၊ ယင်းမှတ်တမ်းနှင့် စာရင်းများ ရေးသွင်းရာတွင် အသုံးပြုခဲ့သည့် မူလအထောက်အထားအချက်

အလက်များနှင့် အခြေခံ အထောက်အထား အချက်အလက်များကို သတ်မှတ်ကာလအထိ နိုင်ငံတော်အတွင်း ထိန်းသိမ်းထားရှိမည်၊

- ❖ ရုံးလုပ်ငန်း ဆောင်ရွက်ရန်အတွက် အခွန်ဝန်ထမ်းကို ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများ ပေးအပ်မည်။

## ပေးဆောင်ထိုက်သော အခွန်ပမာဏကိုသာ ပေးဆောင်ပိုင်ခွင့်

အခွန်ထမ်းများသည် တည်ဆဲအခွန်ဥပဒေများအရ ပေးဆောင်ထိုက်သောအခွန်၊ ဒဏ်ငွေနှင့် အတိုးပမာဏကိုသာ ပေးဆောင်ပိုင်ခွင့် ရှိစေရမည်။

## စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်း

အခွန်ထမ်းများသည် ဦးစီးဌာန၏ စည်းကြပ်မှုသို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားနိုင်သည်။

## စာရင်းစစ်ဆေးခြင်းပြီးစီးမည့်အချိန်

အခွန်ထမ်းများသည် စစ်ဆေးမည့်နှစ်နှင့် သက်ဆိုင်ရာစာရင်းများကို စစ်ဆေးရန် အများဆုံးကြာမြင့်မည့် အချိန်ကာလ၊ ဌာန၏ သဘောထား စသည်တို့အား လူကြီးမင်းတို့ထံမှ အချက်အလက်ရရှိနိုင်မှုအပေါ် မူတည်ပြီး သိရှိနိုင်ခွင့်ရှိသည်။

## အချက်အလက်များနှင့် ပတ်သက်၍ ယုံကြည်မှုရှိပိုင်ခွင့်

ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ထမ်းများ ပေးအပ်သည့် သတင်းအချက်အလက်များ အားလုံးကို အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ လျှို့ဝှက်ထိန်းသိမ်းထားမည် ဖြစ်ပါသည်။

## ကိုယ်စားလှယ် ထားရှိပိုင်ခွင့်

အခွန်ထမ်းများသည် သက်ဆိုင်ရာ အခွန်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လူကြီးမင်းတို့ကို ကိုယ်စားပြု၍ အခွန်ဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်ရန်တရားဝင်ခန့်အပ်ထားသော ကိုယ်စားလှယ်ကို ထားရှိပိုင်ခွင့် ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**